# ACC Against COVID-19




## အစီအစဉ် ( ၃၀)

# “COVID-19 ကပ်ရောဂါကာလအတွင်း
# အဂတိလိုက်စားမှုနှင့်ထိခိုက်လွယ်သောလူအုပ်စု(Vulnerable Group)”

တင်ပြသူ
မြတ်ဆုသင်း

COVID-19 ကမ္ဘာ့ကပ်ရောဂါဂယက်သည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍပေါင်းစုံနှင့် လူတန်းစားအလွှာအသီးသီးတို့ကို ထိခိုက်ဆုံးရှုံးမှုများကြုံတွေ့စေပါသည်။



ကပ်ရောဂါကာလအတွင်း အခြေခံလူတန်းစားများသည် အလုပ်အကိုင်ဆုံးရှုံးမှုများကိုရင်ဆိုင်ရပါသည်။အထူးသဖြင့် အခြေခံလူတန်းစားအလွှာမှမိသားစုကိုဦးစီးဦးဆောင်ပြုနေရသော အမျိုးသမီးများနှင့်၎င်းတို့ကို မှီခိုအားထားနေရသောကလေးငယ်များ၊ မသန်စွမ်းနှင့်သက်ကြီးရွယ်အိုစသည့် ထိခိုက်လွယ်သောလူအုပ်စု (Vulnerable Group) ကိုအခက်အခဲများရင်ဆိုင်တွေ့ကြုံစေသည်ဟု ပညာရှင်များကထောက်ပြထားပါသည်။





ကမ္ဘာ့နေရာအနှံ့အပြားတွင် အမျိုးသမီးများသည် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချမှု မရှိသောလုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရခြင်း၊ အမျိုးသားများနှင့် နှိုင်းယှဉ်ပါက ပိုမိုနည်းပါးသော လုပ်ခလစာရခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများတွင် အမျိုးသားများထက် အခွင့်အရေးနည်းပါးခြင်းတို့ကို ကြုံနေရပါသည်။






Myat Su Thin

ဤသို့သော ကျား-မအခြေပြု မညီမျှသည့် အနေအထားတွင် COVID-19 ကာလ၌ဖြစ်ပေါ်လာသော အဂတိလိုက်စားမှုများက အမျိုးသမီးများနှင့် ၎င်းတို့ကိုမှီခိုနေရသည့် မိသားစုများကို ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်စေပါသည်။





ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ထိခိုက်လွယ်သောအုပ်စုများဖြစ်သည့် အမျိုးသမီးများသည် ကျန်းမာရေးစောင့်ရှောက်မှု၊အလုပ်အကိုင်အခွင့်အလမ်းတို့၌တန်းတူညီမျှအခွင့်အရေးမရှိခြင်းသည် အဂတိလိုက်စားမှုနှင့်လည်း ဆက်နွယ်ပတ်သက်နေသည်ဟု Transparency International မှဖော်ပြထားပါသည်။



ယခုဖြစ်ပွားနေသော ကပ်ရောဂါကြောင့် ကစဉ့်ကလျားဖြစ်ပေါ်နေသည့် အခြေအနေအပေါ် အခွင့်အရေးယူကာ ကဏ္ဍအသီးသီးတွင် ပေါ်ပေါက်နေသော အဂတိလိုက်စားမှုများ၏ဆိုးကျိုးများသည် လူငယ်များစိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေ၊ စွမ်းဆောင်ရည်နှင့်အနာဂါတ်ရည်မှန်းချက်များအပေါ် အကျိုးသက်ရောက်စေပါသည်။ ဆင်းရဲနွမ်းပါးမှု၊ အဂတိလိုက်စားမှုနှင့်အမျိုးသမီးများ၊ ကလေးသူငယ်များ၏အနာဂတ်တို့သည် ဆက်စပ်ပတ်သက်မှုရှိပါသည်ဟု သုတေသနပညာရှင်က အခိုင်အမာဆိုထားပါသည်။



ကမ္ဘာ့ကပ်ရောဂါကြီးနှင့်အတူ ပေါ်ပေါက်လာသော ပုံမှန်လူနေမှု ပုံစံအသစ်(New Normal)၊ ကပ်ဘေးကြောင့် ဆုံးရှုံးနစ်နာမှုများအား ပြန်လည်ထူထောင်ရေးကိစ္စရပ်များသည် အသားကျအောင် အချိန်ယူ၍ ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပြီး ၎င်းကိစ္စရပ်များအပေါ် အဂတိလိုက်စားမှုများက အပိုဆောင်းကာ အခက်အခဲများ ထပ်မံပေါ်ပေါက် စေနိုင်ပါသည်။ ထိခိုက်လွယ်သော ဆင်းရဲချို့တဲ့သည့် လူအုပ်စုများသည် ပေါ်ပေါက်လာသော အခက်အခဲများကို မလွဲမသွေခံစားရမည်ဖြစ်ပါသည်။





အစိုးရအနေဖြင့် COVID-19 ကာလအတွင်း ပြည်သူများကို ကူညီထောက်ပံ့မှုများပေး အပ်ရာတွင်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ကျား၊မရေးရာအခြေပြုပြီး ဘက်လိုက်မှုများကင်းရှင်းရေးနှင့် နယ်ပယ်အသီးသီးတွင် ပေါ်ပေါက်လာနိုင်သည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေအန္တရာယ်များကို လျှော့နည်းအောင်ဆောင်ရွက်ရန်လိုအပ်ပါသည်။



COVID-19 ကပ်ရောဂါကာလအတွင်း ဖြစ်ပေါ်လာသော အဂတိလိုက်စားမှု၏ဘေးထွက်ဆိုးကျိုးများကိုအမျိုးသမီးများနှင့် ၎င်းတို့ကိုမှီခိုနေရသည့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ (Vulnerable Group) များအပေါ်ထိခိုက်မှုမရှိစေရန်နှင့် အရေးပေါ်ကာလအတွက်ချမှတ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်များသည် ထိခိုက်လွယ်သည့်လူအုပ်စုကို ထည့်သွင်းစဉ်းစားထားသော လူတိုင်းအကျုံးဝင်သည့်အစီအစဉ် (Social Inclusive Plans) များဖြစ်စေရန် ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။



**ACC Against COVID–19**

**Myat Su Thin**

# ကိုးကားသည့်စာစောင်များ

1. Social impacts of corruption upon community resilience and poverty
2. Policy brief :The impact of COVID-19 on Women
3. How to incorporate women and gender equality in the management of the crisis response
4. Anti- corruption response to COVID-19 must include women